## မြစ်သဲ/မြစ်ကျောက်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**၁။ ကာယကံရှင် ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်။

(ခ) လျှောက်ထားသည့်မြေနေရာ၏မြေပုံကြမ်း။

(ဂ) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(ဃ) ပြည်နယ်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ကွက် မြေပုံနှင့်သဘောထားမှတ်ချက်ရှိပါက လုပ်ငန်းရှင်သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြစ်သဲ/မြစ်ကျောက် ထုတ်လုပ်ခွင့်လျှောက် ထားရမည်ဖြစ်ပါသည်။

**၂။ လျှောက်ထားသူကာယကံရှင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက် ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) ကာယကံရှင်၏လျှောက်လွှာ။

(ခ) ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ကွက်မြေပုံနှင့်သဘောထား။

**၃။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်အချက်များ**

(က) အမှုတွဲတွင်ပါရှိရမည့်အချက်များပြည့်စုံမှုရှိ/မရှိ။

(ခ) ကန့်ကွက်လွှာထုတ်ပြန်ကြေငြာချက်။

(ဂ) လျှောက်ထားသူ၏စစ်ဆေးထွက်ဆိုချက်၊ အနီးပတ်ဝန်းကျင်နေထိုင်သူများ၏ စစ်ဆေး ထွက်ဆိုချက်။

(ဃ) သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ စစ်ဆေးထွက်ဆိုချက်နှင့် သဘောထား။

( င )   ချောင်းကျောက်လုပ်ငန်းဖြစ်ပါက သစ်တောဦးစီးဌာန၏ သစ်တောကြိုးဝိုင်း မြေဧရိယာ၊ ကျေးရွာသစ်တောစိုက်ခင်းနှင့် လွတ်ကင်းကြောင်းထောက်ခံချက်။

( စ ) မြစ်သဲ/မြစ်ကျောက်လုပ်ငန်းဖြစ်ပါကငါးလုပ်ငန်းဦးစီးဌာန၏သဘောထ ားချက်။

(ဆ) မြစ်သဲ/ မြစ်ကျောက်နှင့် ချောင်းကျောက်ထုတ်လုပ်မည့် ကုန်ထုတ်ရာ လမ်းကြောင်း၊ လုပ်ကွက်နှင့် ဆက်စပ်သော ကျေးရွာများ၏ သဘောထား။

( ဇ ) မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးထားသည့် မှတ်တမ်းနှင့် ဓါတ်ပုံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီရင်ခံစာနှင့်အတူ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရန်။

**ခြွင်းချက်။** ချောင်းကျောက်လုပ်ငန်း လျှောက်ထားလာပါက လိုအပ်လျှင် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ရယူရပါမည်။ (ဥပမာ-ဆည် မြောင်းအတွင်း စီးဆင်းသောချောင်းဖြစ်ပါက ဆည်မြောင်းဦးစီးဌာန၊ ချောင်း ကမ်းပါးမှ ထုတ်လုပ်မည်ဆိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန)

**၄။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) အမှုတွဲတွင်ပါရှိရမည့် အချက်များစုံလင်မှုရှိ/မရှိ သဘောထားမှတ်ချက် ရယူ ရမည့်ဌာန၊ ပုဂ္ဂိုလ်များစုံလင်မှုရှိ/မရှိစိစစ်ရပါမည်။

( ခ ) ဌာနနှင့် ပုဂ္ဂိုလ်များ၏ သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ ခရိုင် အုပ်ချုပ်ရေးမှူးမှ ကွင်းဆင်းစိစစ်ရပါမည်။

( ဂ ) မြစ်သဲ/မြစ်ကျောက်များကို သတ်မှတ်အခွန်နှုန်းထားဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊

မှတ်တမ်းဓာတ်ပုံနှင့်အတူ ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုနိုင် ကြောင်း သတ်မှတ်ပေးထားသော ကျင်းပမာဏ၊ လျှောက်ထားသော ကျင်း ပမာဏအပေါ် မူတည်၍ ကျင်းအရေအတွက်မည်မျှ တူးဖော်ထုတ်လုပ် ခွင့်ပြု သင့်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရပါမည်။

**၅။ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များ**

(က) အမှုတွဲပြည့်စုံလျှင် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘော ထားမှတ်ချက်နှင့်အတူ ကယားပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရပါမည်။

( ခ) ကယားပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲ နှင့်အတူ ပြန်လည်ပေးပို့ပါသည်။

**၆။ ကယားပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

- ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ကို ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အကြောင်းကြားပါမည်။

**၇။ ကြီးကြပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

- ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်ခြင်းများရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။